**မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်များတပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁) အရ အရက်၊ ဘီယာ၊ စီးကရက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များထုတ်လုပ်ခြင်းလုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းများနှင့် လုပ်ငန်းသုံးသကြားကုန်ကြမ်းများအား အခွန်အကောက်ပေးဆောင်တင်သွင်းခွင့်များအတွက် တစ်နှစ်ချင်းအလိုက်ကော်မရှင်အစည်းအဝေးသို့ တင်ပြခွင့်ပြုလျက်ရှိပါသည်။

၂။ မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများအတွက် တင်သွင်းရမည့်အုပ်စုအစိတ်အပိုင်းကြီးများအား ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ်(၈၅/၂၀၁၇)အရ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၄၂/၂၀၂၄)တွင်လည်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် Truck / Body Building ပြုလုပ်ရန် Truck များအတွက် အကောက်ခွန်နှုန်းထားများသတ်မှတ်ရာတွင် CBU, SKD, CKD ဟု ခွဲခြားသတ်မှတ်ထားပါသည်။

၄။ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်များတပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများမှ တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများကို အုပ်စုအစိတ်အပိုင်းကြီးများ သတ်မှတ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်များတပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းများမှ တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများကို အုပ်စုအစိတ်အပိုင်းကြီးများ သတ်မှတ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်နေစဉ်ကာလအတွင်း အကောက်ခွန်နှုန်းထား သတ်မှတ်ရာတွင် ရှင်းလင်းစေရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၄) စတင်အသက်ဝင်သည့် ၂၀၂၄ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၅ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ပြည်ပမှ တင်သွင်းမည့် ကုန်ပို့လွှာ(Invoice)တွင် SKD စာသားထည့်သွင်း၍ ဖော်ပြခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**